# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
## (၂၀၁၂ ခုနှစ်၊ မတ်လ ၂၁ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို မွန်းလွဲ ၁၄း၄၅ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

အချိန်၊ ၁၄း၄၅။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးရဲ့ (၁၇) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်

## စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၁၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ၂၁-၃-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၂၉ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း

(၂) တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြည်း ၁၆၄၀၂ ဗိုလ်မှူးကြီးဌေးနိုင်

(၃) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက်

(၄) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ

(၅) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း

(၆) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း

(၇) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်

(၈) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း

(၉) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ဆွေ

(၁၀) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး

(၁၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင်

(၁၂) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်

(၁၃) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး

(၁၄) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ

(၁၅) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး

(၁၆) အိမ်မဲ မဲဆန္ဒနယ်မှ ဦးစောဂျိမ်း

(၁၇) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်

(၁၈) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး တို့သည် ယနေ့ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးအား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၉) ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း

(၂၀) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ

(၂၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း

(၂၂) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း တို့သည် ၂၁-၃-၂၀၁၂ ရက်နေ့မှ ၂၃-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း၊

(၂၃) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း

(၂၄) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်

(၂၅) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း

(၂၆) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်

(၂၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်

(၂၈) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ

(၂၉) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း တို့သည် ၂၁-၃-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိလည်းကောင်း ခွင့်အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ် ၂၉ ဦးရဲ့ ခွင့်တင်ပြချက်များကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြ

အပ်ပါတယ်။

ဥက္ကဋ္ဌ ။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်းလွှတ်တော်သို့အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့သော မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းကို ၂၀-၃-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကိုစိစစ်ရာမှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဖြစ်သော ဥပဒေခေါင်းစဉ်စာသားမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်ဟူသည့် စကားရပ်ကိုပယ်ဖျက်ခြင်းနှင့် ပြည်ထောင်စုလွှတ်တော် အမှတ်စဉ်

(၈/၂၀၁၂) အစား ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်ဟု ပြင်ဆင်ထားခြင်းသာ ဖြစ်ကြောင်း အသိပေးတင်ပြလိုပါတယ်။

## အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံရရှိကြောင်း ကိုယ်စားလှယ်များကိုအသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်တစ်ခုတည်းသာရှိပြီး ခေါင်းစဉ်ကိုသာ ရေးထုံးမှန်ကန်အောင်ပြင်ဆင်တာဖြစ်တဲ့အတွက် အခုအစည်းအဝေးမှာပဲ လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း

# လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်း၍ အတည်ပြုပြီးသော ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က ၂၀-၃-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီထံစိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ယင်းဥပဒေကြမ်းကိုစိစစ်ပြီး ကော်မတီရဲ့အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းသွားရမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်တိကျစွာဖော်ပြ၍ ၂၂-၃-၂၀၁၂ ရက် (ကြာသပတေးနေ့) ၁၂း၀၀ နာရီအချိန်နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီက ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံရေပိုင်နက်သတ်မှတ်မှုနဲ့ပတ်သက်ပြီးတော့ မေးခွန်းတစ်ခုမေးထားတာရှိပါတယ်။ ဒီအမေးကို ပြီးခဲ့တဲ့ ၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ မိမိအနေနဲ့ သတင်းစာပါအချက်များပေါ်မူတည်ပြီးတော့ အတွေ့အကြုံပေါ်အခြေခံကာ ဆွေးနွေးတင်ပြပြီးဖြစ်ပါတယ်။ သို့ရာတွင် မေးထားတဲ့မေးခွန်းဟာ အင်မတန်မှ တိုင်းပြည်အတွက် အရေးကြီးပြီးတော့ ပြည်သူ၊ ပြည်သားများမှန်ကန်စွာသိရှိရန်လိုအပ်တဲ့အတွက် မေးထားတဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်မှာ လာရောက်ဖြေကြားမှာမဟုတ်ဘဲ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစုံညီရှိမယ့် ပြည်ထောင်စုလွှတ်တော်မှာ မနက်ဖြန်လာရောက်ဖြေကြားဖို့ အစီအစဉ်ရှိပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာမေးခွန်းမေးထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီကိုလည်း အခြေအနေကိုသိအောင် အသိပေးသလို ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များသိရှိနိုင်အောင်လည်း တင်ပြခြင်းဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ပြည်သူ့လွှတ်တော်မှာ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ဒဂုံမြို့မှာ နိုင်ငံ့ဝန်ထမ်းများကို ချထားပေးတဲ့မြေကွက်များနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်မှာ မေးမြန်းတဲ့မေးခွန်းတစ်ခုပြုလုပ်ခဲ့ပါတယ်။ ဒီမေးခွန်းကိုလည်း

သစ်တောရေးရာဝန်ကြီးက လာရောက်ဖြေဆိုခဲ့ပါတယ်။ ဖြေဆိုတဲ့နေရာမှာ ဒီအမေးကိုဖြေဆိုဖို့ ဝန်ကြီးဌာနတစ်ခုရဲ့ဖြေကြားဆောင်ရွက်မှုနှင့်မလုံလောက်နိုင်၍ ပြည်ထောင်စုအစိုးရက တာဝန်ယူ ဆောင်ရွက်ဖြေရှင်းမှ ဖြစ်နိုင်မှာဖြစ်တဲ့အတွက် ဦးခိုင်မောင်ရည်အနေနဲ့ မေးလာတဲ့မေးခွန်းအပေါ် ပြန်လည်ပြီး ပိုမိုပြည့်စုံသောအကြောင်းအကျိုးများဖြင့် လွှတ်တော်ဥက္ကဋ္ဌ မိမိထံတင်ပြဖို့ တာဝန် ပေးခဲ့ပါတယ်။ ဒီတာဝန်ပေးမှုဟာ ပြည်သူ့လွှတ်တော်ရဲ့ကိုယ်စား ဥက္ကဋ္ဌကတာဝန်ပေးခြင်း ဖြစ်ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ဦးခိုင်မောင်ရည်အနေနဲ့ ပြန်လည်တင်ပြတာတွေရှိပါတယ်။ တစ်ချိန်တည်းမှာပဲ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ပြည်ထောင်စုအစိုးရကိုဆက်သွယ်ပြီး အခု တင်ပြလာတဲ့မေးခွန်းဟာ နိုင်ငံအတွက်၊ ဝန်ထမ်းများအတွက် အရေးကြီးတဲ့မေးခွန်းတစ်ခုဖြစ်တယ်။ ဒါကြောင့်မို့လို့ အလေးထားစဉ်းစားသုံးသပ်ဆောင်ရွက်နိုင်ဖို့ ဆက်သွယ်ဆောင်ရွက်တဲ့အခါမှာ ပြည်ထောင်စုအစိုးရမှလည်း အလေးထားဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရလဒ်အဖြေကတော့ ဒီနေ့ဆိုလို့ရှိရင်မြေပြင်ကိုဆင်းပြီးတော့ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက ပြန်လည်အစီရင်ခံဖို့ တာဝန်ပေးပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ ပြည်ထောင်စုအစိုးရရဲ့မှန်ကန်သော အဆုံးအဖြတ်အပေါ်မှာ မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်းကိုလည်း လွှတ်တော်ကိုအသိပေးတင်ပြခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသိတဲ့အတိုင်းပဲ '' ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့ရဲ့လိုလားချက် လွှတ်တော်ကဖော်ဆောင်ရွက်''ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့လွှတ်တော်အနေနဲ့ ပြည်သူ့ရဲ့ဆန္ဒ၊ ပြည်သူ့ရဲ့သဘောထားကို အလေးထားပြီး ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားကိုဖော်ဆောင်ပေးဖို့ဆောင်ရွက်တဲ့နေရာမှာ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများကယုံကြည်တယ်၊ အားကိုးတယ်။ ထိုနည်းတူစွာပဲ မိမိတို့ လွှတ်တော်ကိုလည်း ပြည်သူများက ယုံကြည်တယ်၊ အားကိုးတယ်။ ဒီလိုရရှိအောင်ဆောင်ရွက်တဲ့ နေရာမှာ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်တည်းနဲ့ဆောင်ရွက်လို့မရပါဘူး။ လွှတ်တော်ကိုယ်စားလှယ် များဟာ ပြည်သူ့ကိုယ်စား၊ ပြည်သူ့ကိုယ်စားလှယ်များပီပီ ဒီနေ့မနက် ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တင်ပြသလိုပဲ ပြည်သူ့အတွက်ဆိုလို့ရှိရင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကျွန်တော်တင်ပြတဲ့အတိုင်းပဲ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ စေတနာနဲ့ဆက်လက်ဆောင်ရွက်ပေးပါမှ၊ ပေးနိုင်ပါမှ အဲ့ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း သတိထားပြီးတော့ စေတနာပါပါနဲ့ဆောင်ရွက်နိုင်ပါမှ ကျွန်တော်တို့ပြောပြောနေတဲ့ ကမ္ဘာမှာ မြန်မာဟေ့ဆိုတဲ့ဟာက တကယ်ဖြစ်မှာပါ။ လွှတ်တော် ကိုယ်စားလှယ်များဖြစ်ပြီးတဲ့အခါမှာ မိမိတို့ လုပ်ရမယ့်တာဝန်များကို မိမိတို့ကျေပွန်အောင် မဆောင်ရွက်ဘူးဆိုလို့ရှိရင်တော့ ကျွန်တော်တို့လိုချင်တဲ့ ရလဒ်တွေ၊ ကျွန်တော်တို့မျှော်မှန်းတဲ့

ပန်းတိုင်တွေရောက်မှာမဟုတ်ပါဘူး။ အခွင့်အခါသင့်ခိုက် မိမိတို့အနေနဲ့ ဒီလိုလုပ်ငန်းတာဝန်များကို ထမ်းဆောင်တဲ့နေရာမှာ ထမ်းဆောင်နိုင်ဖို့အတွက် အရည်အချင်းပိုင်းရော အရည်အသွေးပိုင်းရော၊ စိတ်ဓာတ်ပိုင်းရော မြင့်မြင့်မားမားခံယူပြီးတော့ဆောင်ရွက်နေမှုဟာ မှန်ကန်တဲ့ဆောင်ရွက်မှုများသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီလိုဆောင်ရွက်နေမှုများကို မိမိအနေနဲ့လိုလားပါတယ်၊ လက်ခံ ပါတယ်၊ ဂုဏ်လည်းပြုပါတယ်။ ဒါ့ကြောင့်ရှေ့ဆက်သွားမယ့် ဒီလွှတ်တော်သက်တမ်းမှာလည်း ဒီလိုစိတ်ဓာတ်၊ ဒီလိုခံယူချက်များနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်ပါစေကြောင်း မိမိအနေနဲ့ ဆန္ဒရှိအောင် ခုနကတင်ပြလာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီရဲ့မေးခွန်း၊ ပြီးတဲ့ အခါမှာ ဦးခိုင်မောင်ရည်ရဲ့မေးခွန်းများကိုလည်း မေးခွန်းကို မေးခွန်းအဖြစ်ထားတာမဟုတ်ဘဲနဲ့ တကယ့် ပြည်သူ့ရဲ့လိုလားချက်၊ နိုင်ငံတော်ရဲ့လိုလားချက် နိုင်ငံတော်အကျိုးအတွက် မိမိတို့ဘက်က စွမ်းအားရှိသမျှဆက်လက်ဆောင်ရွက်နေကြောင်းကိုလည်း ဒီမှာအသိပေးတင်ပြခြင်းဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်းကြေညာပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၅း ၀၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၅း၀၅ နာရီတွင် ရပ်နားပါသည်။]